မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်

STUDENTS AND YOUTH CONGRESS OF BURMA

Email - sycbcongress@gmail.com, Website - www.sycbyouth.org

## အစိုးရတပ်မတော်မှ ကချင်ပြည်နယ်အတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများအပေါ် ထုတ်ပြန်ချက်

ထုတ်ပြန်ကြေညာချက်အမှတ်-မကလက/ ထ-၁/ ၀၆

ယနေ့ကာလသည် စုပေါင်းအားဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ် မေတ္တာရပ်ခံတောင်းဆိုခဲ့သော်လည်း အစိုးရတပ်မတော်မှ နယ်မြေရှင်းလင်းရေး၊ ရိက္ခာသယ်ယူပို့ဆောင်ရေး အကြောင်းပြချက်အမျိုးမျိုးဖြင့် တိုင်းရင်းသားဒေသအသီးသီးတွင် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ရှုတ်ချကန့်ကွက်လိုက်သည်။

အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် စစ်ပွဲများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများဟာ နေ့စဉ်နှင့်အမျှ ဒုက္ခမျိုးစုံကိုခံစားနေကြရပြီး ဘဝကိုခက်ခက်ခဲခဲဖြင့် အသက်ရှင်သန် ဖြတ်သန်းနေကြရပါသည်။

**ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်သမ္မတကြီးအား အောက်ပါ အချက်များကို တောင်းဆိုလိုက်ပါသည်။**

- အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များကြား ထိုးစစ်ဆင်တိုက်ခိုက်နေမှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ယုံကြည်မှုတည်ဆောက်နေသည့် လုပ်ငန်းစဉ်များအား ထိခိုက်စေသဖြင့် စစ်ပွဲများရပ်တန့်ပေးရန်။

- အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် စစ်ပွဲများကြောင့် ဒေသခံဌာနေတိုင်းရင်းသား စစ်ဘေးရှောင် ဒုက္ခသည်များအား ဘေးကင်းလုံခြုံစွာဖြင့် မိမိတို့ နေရပ်ပြန်နိုင်ရေးအတွက် အစိုးရတာဝန်ရှိသူများမှ တာဝန်ယူကူညီဆောင်ရွက်ပေးရန်။

- တတိယအကြိမ်မြောက် ၂၁ ပင်လုံညီလာခံ နီးကပ်လာသည်နှင့်အမျှ ယခုကဲ့သို့ ထိုးစစ်ဆင် တိုက်ခိုက်နေမှုများကို ရပ်ဆိုင်းပြီး တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့် အဖြေရှာပေးရန်။

- တိုင်းရင်းသားလူငယ်များအား လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် ငြိမ်းချမ်းရေးအရ ကူညီပံ့ပိုးဆောင်ရွက်မှုများကို လမ်းဖွင့်ပေးရန်။

မိမိတို့အနေဖြင့် ပြည်တွင်းစစ်၏ အရင်းအမြစ်ပြဿနာများကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နည်းလမ်းဖြင့် အဖြေရှာသင့်ပါကြောင်း ဤ ကြေညာချက်ဖြင့် ထုတ်ပြန်တောင်းဆိုလိုက်ပါသည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(SYCB)

ရက်စွဲ။ ။ ၂၆ ရက် ၊ ဧပြီလ ၊ ၂၀၁၈ ခုနှစ်။